# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

February 1, 2022 Volume 51, Number 1

၁.၂.၂၀၂၂

| | | |
|---|---|---|
| ကမ္ဘာ့ရွှေဈေး | = | ၁၈၀၄ US$ |
| မြန်မာ့ရွှေဈေး | = | N/A |
| ဒေါ်လာဈေး | = | N/A |
| CBM Rate | = | ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = | ၂၀၀၁.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = | ၁၃၁၇.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = | ၂၃၉၅.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = | ၁၂၅၉.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = | ၂၇၉.၅၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = | ၂၃.၇၆၈ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = | ၁၄၇.၇၇ ကျပ် |
| မလေးရှားရင်းဂစ် | = | ၄၂၄.၈၀ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = | ၅၃.၅၄၆ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ရှမ်းပြည်နယ်မှပြောင်းများကို မြဝတီနယ်စပ်သို့တင်ပို့နေပြီး ဈေးကွက်အတွင်း ပြောင်းအဝယ်လိုက်နေ



https://www.myawady.net.mm/node/21511

လက်ရှိတွင် ရှမ်းပြည်နယ်မှ ထွက်ရှိသည့် ပြောင်းများကို မြဝတီနယ်စပ်သို့ တင်ပို့နေပြီး ထိုင်းနိုင်ငံ၌ ပြောင်းရာသီကုန်ချိန်ဖြစ်သောကြောင့် ဖေဖော်ဝါရီ ၁ ရက်မှစ၍ မြန်မာ့ပြောင်းများကို အခွန်ကင်းလွတ်ခွင့်ဖြင့် စတင်တင်ပို့ရမည်ဖြစ်ရာ ဈေးကွက်အတွင်း ပြောင်းအဝယ်လိုက်နေကြောင်း ပြောင်းစိုက်ပျိုးထုတ်လုပ် ရောင်းဝယ်သူများ အသင်းအတွင်းရေးမှူး ဦးတိုးတက်နိုင်၏ပြောပြချက်အရသိရသည်။

လက်ရှိမှာ မြဝတီနယ်စပ်ဘက်ကို ပြောင်းတိုက်ရိုက်တင်ပို့နေပါတယ်။ အဲဒီဘက်က အဖွင့်ဈေးပိုကောင်းတယ်။ တောင်ကြီးဘက်ကလည်း မြဝတီဘက်ကို တိုက်ရိုက်တင်ပို့တာများတယ်ဟု ဦးတိုးတက်နိုင်ကပြောသည်။ ထို့ပြင် မြဝတီနယ်စပ်ကုန်သွယ်ရေးဇုန်ရှိ ဂိုဒေါင်များ၌ ထိုင်းနိုင်ငံသို့ တင်ပို့ရန် ကြိုတင်စုဆောင်းထားသည့် ပြောင်းများလည်း ရှိနေသည်။

လက်ရှိတွင် ထိုင်းဘတ်ဈေးနှုန်းမြင့်တက်နေသည့်အတွက် ပြောင်းဈေးကောင်းရရှိနေခြင်းဖြစ်ပြီး အမေရိကန်ဒေါ်လာဈေး မြင့်တက်နေကာ ပြည်တွင်း၌လည်း ငွေကြေးလဲလှယ်နှုန်းကို အမေရိကန်တစ်ဒေါ်လာလျှင် ငွေကျပ် ၁၇၈၀ သတ်မှတ်ထားသော်လည်း ပြင်ပပေါက်ဈေးမှာ အမေရိကန်တစ်ဒေါ်လာလျှင် ငွေကျပ် ၁၉၅၀ ဝန်းကျင်အထိရှိနေရာ လာမည့်လအတွင်း ပြောင်းဈေးနှုန်း ကျဆင်းနိုင်ခြေမရှိကြောင်းသိရသည်။ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံ အာဆီယံသဘောတူညီချက်အရ ထိုင်းနိုင်ငံသို့ မြန်မာ့ပြောင်းကို အခွန်ကင်းလွတ်ခွင့်ဖြင့် ဖေဖော်ဝါရီ ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ တင်ပို့နိုင်ကာ စက်တင်ဘာ ၁ ရက်မှ ဇန်နဝါရီ ၃၁ ရက် အထိ ထိုင်းနိုင်ငံ၌ ပြောင်းထွက်ရှိနေချိန်တွင် မြန်မာနိုင်ငံမှ ပြောင်းကို အခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့ခွင့်ယာယီ ပိတ်ထားလေ့

ရှိသည်။ ယင်းကာလအတွင်း ထိုင်းနိုင်ငံသို့ တရားဝင်ပြောင်းတင်ပို့လိုပါက ထိုင်းနိုင်ငံသို့ အခွန် ၄၅ ရာခိုင်နှုန်း ပေးဆောင်ရလေ့ရှိကြောင်း၊ ယင်းကာလအတွင်း ပြည်တွင်းပြောင်းဈေးကွက် အခြေအနေ ကောင်းမွန်လေ့ရှိကြောင်း သိရသည်။

ဇန်နဝါရီ ၃၀ ရက်တွင် ရန်ကုန်ဈေးကွက်၌ ပြောင်းတစ်ပိဿာလျှင် ငွေကျပ်၇၆၅ ကျပ်၊ မန္တလေးဈေးကွက်၌ ပြောင်းတစ်ပိဿာလျှင် ငွေကျပ် ၇၂၀၊ ရှမ်းပြည်နယ်၌ ပြောင်းတစ်ပိဿာလျှင် ငွေကျပ် ၆၄၀ မှ ၆၆၀ ကြားရှိနေပြီး မြဝတီနယ်စပ်ကုန်သွယ်ရေးဇုန်ရှိ ဂိုဒေါင်အရောက် ပေါက်ဈေးမှာ တစ်ပိဿာလျှင် ငွေကျပ် ၈၀၅ ကျပ်မှ ၈၁၀ အထိရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/21511

## မြန်မာ့ကော်ဖီတန်ချိန် ၅၀၀ ခန့် ပြည်ပသို့ တင်ပို့မည်

မြန်မာ-လင်ဇန့်ကော်ဖီ သုတေသနနှင့်နည်းပညာဖြန့်ချိရေးစင်တာ မိတ်ဆက်ခြင်းအစီအစဉ်အရ မြန်မာ့ကော်ဖီရာသီတွင် ကော်ဖီတန်ချိန် ၅၀၀ခန့် ပြည်ပတင်ပို့မည်ဖြစ်ကြောင်းသိရသည်။ မြန်မာ့ကော်ဖီကို လက်ရှိတွင် တရုတ်၊ အမေရိကန်၊ နယ်သာလန်၊ ဩစတြေးလျ၊ ဂျပန်၊ ကိုရီးယား၊ ပြင်သစ်၊ ဂျပန်နှင့်ထိုင်းနိုင်ငံတို့သို့ တင်ပို့နေခြင်းဖြစ်သည်။

နှစ်စဉ် ဒီဇင်ဘာလနှင့်မတ်လသည် မြန်မာ့ကော်ဖီထွက်သည့် ရာသီဖြစ်ပြီး တစ်နှစ်လျှင် ကော်ဖီတစ်တန် ကျပ် ၅ သန်းတန်ဖိုးခန့်ထွက်ရှိကာ ယခုနှစ်တွင်တော့ မြန်မာ့ကော်ဖီဈေးနှုန်း တည်ငြိမ်မည်ဟုခန့်မှန်းကြောင်း ကုန်သည်များထံမှသိရသည်။ ပြည်တွင်း၌ ကော်ဖီကို ရှမ်းပြည်နယ်( ရွာငံ၊ ဟိုပုံး၊ နောင်ချို)၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နှင့် မိုးကုတ်မြို့တို့တွင် အဓိကစိုက်ပျိုးလျက်ရှိပြီး ကရင်ပြည်နယ် သံတောင်ကြီးတွင်လည်း မြေပြန့်ကော်ဖီ အမျိုးအစားများကို အနည်းငယ် စိုက်ပျိုးလျက်ရှိရာ တစ်နိုင်ငံလုံးတွင် ကော်ဖီ စိုက်ဧကပေါင်း ငါးသောင်းကျော် အထိရှိကြောင်းသိရသည်။

ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုတွင် တောင်တန်းဒေသများ၌သာ စိုက်ပျိုးသည့် အရည်အသွေးမြင့် ဈေးကောင်းရရှိသော Arabica ကော်ဖီအမျိုးအစားကို ၉၀ ရာခိုင်နှုန်းအထိ စိုက်ပျိုးထုတ်လုပ်ပြီး ကော်ဖီအထွက်များသော ဈေးနိမ့် မြေပြန့်ကော်ဖီအမျိုးအစား Robusta ကိုမူ ၁၀ ရာခိုင်နှုန်းသာ စိုက်ပျိုးကြောင်းသိရသည်။ လက်ရှိတွင် ကိုဗစ်ကြောင့် မြန်မာ့ကော်ဖီ ပြည်ပတင်ပို့မှုနှင့် ပြည်တွင်းဈေးကွက်အခြေအနေများမှာ ယခင်ကထက် ၅၀ ရာခိုင်နှုန်းခန့် ကျဆင်းသွားကြောင်း ကော်ဖီလုပ်ငန်းရှင်များထံမှ သိရသည်။

**Source:** http://sdtimedaily.com/

## ယခုနှစ်ထွက်ရှိလာသည့် ထောပတ်ပဲသစ်များ ယခင်နှစ်ကာလတူပေါက်ဈေးထက် စံချိန်တင်အမြင့်ဈေးရရှိ

၂၀၂၂ ခုနှစ် ပဲရာသီအတွက် အသစ်ထွက်ရှိလာသည့် ထောပတ်ပဲများ မန္တလေးဈေးကွက်အတွင်းသို့ ယခုရက်ပိုင်းအတွင်း ဝင်ရောက်လာကာ အဖွင့်ဈေးမှာလည်း ယခင်နှစ်ကာလတူထက် တစ်ဆကျော်မြင့်တက်နေပြီး စံချိန်တင်အမြင့်ဈေးဖြစ်လာကြောင်း မန္တလေးပဲကုန်သည်များထံက သိရသည်။

ပဲရာသီအသစ်၏ ထောပတ်ပဲများကို မတ္တရာ၊ စဉ့်ကူးနယ်များမှ အဓိကဝင်ရောက်လာပြီး၊ ယခင်နှစ်ကာလတူက ထောပတ်ပဲ(အပြားကြီး) သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၈၀,၀၀၀ ဈေးနှုန်းဖြင့် အဖွင့်ဈေးစခဲ့သော်လည်း၊ ယခုနှစ်ထွက်ရှိလာသည့် ထောပတ်ပဲ(အပြားကြီး) သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၁၈၀,၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ထောပတ်ပဲ(အလတ်)မှာ ၁၆၀,၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ထောပတ်ပဲ(အသေး)မှာ ၁၁၀,၀၀၀ ဈေးနှုန်းတို့ဖြင့် ပေါက်ဈေးရှိနေပြီး ယခင်နှစ်အဖွင့်ဈေးထက် တစ်ဆကျော်မြင့်တက်လျက်ရှိကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ)က ပြောကြားသည်။

"ထောပတ်ပဲဈေးနှုန်းက စပေါ်ပေါ်ခြင်းမှာပဲ စံချိန်တင်မြင့်တက်ပြီး ဈေးကောင်းရရှိနေပါတယ်။ လက်ရှိချိန်မှာ ထောပတ်ပဲက ပြည်တွင်းစားသုံးမှုအနေနဲ့လည်းအဝယ်လိုက်နေတယ်။ တရုတ်ဝယ်လက်တွေကလည်း နယ်စပ်ကုန်သွယ်ရေးဂိတ်တွေဖွင့်တော့ စတင်ဝယ်ယူနေပါပြီ။ ၂၀၂၂ ခုနှစ် ပဲရာသီအစမှာ ထွက်သမျှပဲတွေအနက် ထောပတ်ပဲဈေးနှုန်းက ငါးနှစ်အတွင်းမှာ အမြင့်ဆုံးဈေးနှုန်းအနေနဲ့ စံချိန်တင်မြင့်တက်နေပါတယ်။ ထောပတ်ပဲ ကို နှစ်စဉ် တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ ဥရောပနိုင်ငံတွေကို တင်ပို့ရောင်းချရပါတယ်။ ထောပတ်ပဲကို အထူး စိုက်ကွင်းတွေပြုလုပ်ပြီး စိုက်တာတွေလည်း တွေ့ရပါတယ်။ တစ်နှစ်မှာ တစ်ရာသီပဲ ဆောင်းသီးနှံအနေနဲ့ စိုက်ပျိုးလို့ရပါတယ်။ ယခု ဇန်နဝါရီလဆန်းကနေ စတင်ထွက်ရှိတယ်။ ဖေဖော်ဝါရီလနဲ့ မတ်လ

အတွင်း အလိုင်ဆုံးအနေနဲ့ ဈေးကွက်အတွင်း ဝင်ရောက်တာဖြစ်ပါတယ်။ ဈေးကွက်တောင်းဆိုမှုကြောင့် ထောပတ်ပဲဝယ်လိုအား ကလည်း တစ်နှစ်ထက်တစ်နှစ် များပြားလာတာတွေ့ရှိရပါတယ်" ဟု ၎င်းကပြောသည်။

ထောပတ်ပဲကို မြန်မာပြည်အလယ်ပိုင်းဒေသများတွင် အဓိကထားစိုက်ပျိုးကြသည်ကိုတွေ့ရပြီး ၊ မကွေးတိုင်းဒေသကြီးတွင် မင်းဘူး၊ ဆင်ဖြူကျွန်းနှင့် စလင်းဒေသများ၊ မန္တလေးတိုင်းဒေသကြီးတွင် မလှိုင်၊ တောင်သာ၊ နွားထိုးကြီးဒေသများနှင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ဂန့်ဂေါ၊ ကလေး၊ ကလေးဝ၊ ရွှေဘို၊ ကဘော်ချိုင့်ဝှမ်းဒေသများတွင် စိုက်ပျိုးကြကြောင်း သိရသည်။

**Source: မြန်မာတောင်သူကြီးများဂျာနယ်**

## ပြည်တွင်းဒေါ်လာဈေးကျဆင်းမှုနှင့်အတူ ပို့ကုန်ပဲများ အနည်းငယ်ကျဆင်းသွားသော်လည်း မြေပဲ ၊နှမ်း နှင့် အသစ်ဝင် ပဲမာလိုင်းများ ဆက်လက်ဈေးကောင်းရနေ

ပြည်တွင်းဒေါ်လာဈေးကျဆင်းမှုနှင့်အတူ ပို့ကုန်ပဲများ အနည်းငယ်ကျဆင်းသွားသော်လည်း မြေပဲ ၊ နှမ်းနှင့် အသစ်ဝင် ပဲမာလိုင်းများ ဈေးနှုန်း ဆက်လက်ကောင်းမွန်လျက်ရှိကြောင်း ပဲ၊နှမ်းကုန်သည်များထံက သိရသည်။

ဒေါ်လာငွေပေါက်ဈေးမှာ အမြင့်ဆုံး တစ်ဒေါ်လာလျှင် ကျပ် ၁၇၈၀ ဖြင့် ၁၀ ရက် အတွင်း တည်ငြိမ်နေကြောင်း ဈေးကွက်ပေါက်ဈေးအရ ပို့ကုန်ရငွေ ဒေါ်လာပေါက်ဈေးမှာလည်း ကွာခြားမှုမရှိခြင်းကြောင့် ပဲ၊နှမ်းဈေးကွက်၏ ပို့ကုန်ပဲဈေးများ အနည်းငယ်ကျဆင်းသွားသော်လည်း ပစ္စည်းအဝင်ရှိသလောက် အရောင်းအဝယ်ကောင်းနေကြောင်း ပို့ကုန်သမားများက သုံးသပ်ထားသည်။

ပို့ကုန် မတ်ပဲ၊ ပဲစင်းငုံတို့မှာ ဈေးတက်နေရာမှ အနည်းငယ်ကျဆင်းသွားပြီး ဇန်နဝါရီလကုန် ပိုင်းတွင် မတ်ပဲသုံးတင်းဝင် တစ်အိတ်ကျပ် ၁၂၆,၀၀၀ ၊ ပဲစင်းငုံ တစ်အိတ် ကျပ် ၁၂၉,၀၀၀ ဖြစ်သွားသည်။ မြေပဲဆံဈေးကွက်မှာမူ အမျိုးအစားအလိုက် တစ်ပိဿာ ကျပ် ၅၀-၁၀၀ ကြားဆက်လက်ဈေးမြင့်လာသည်။ နှမ်းနက်များမှာလည်း ပစ္စည်းဝင်ရောက်မှုနည်းလာကာ အလတ်စများပင် တစ်အိတ်ကျပ် ၂၀၀,၀၀၀ အထက်ဈေးကောင်းရလာသည်။ ယခုသီတင်းပတ်တွင် ပို့ကုန်ပဲနှစ်မျိုးမှလွဲ၍ အခြားမြေပဲ၊ နှမ်းနှင့်အသစ်ဝင်ပဲမာလိုင်းများ ဆက်လက်ဈေးမြင့်တက်နေကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်သွင် (ရွှေစင်သိန်းပွဲရုံ)က ပြောသည်။

"ပို့ကုန်ပဲတွေထဲ မတ်ပဲ၊ ပဲစင်းငုံဈေးလေးတွေက အတက်ဈေးကနေ အနည်းငယ်ဈေးပြန်ကျဆင်းသွားပါတယ်။ မတ်ပဲဈေး က ကျပ်၁၂၅,၀၀၀-၁၂၆,၀၀၀ ပေါက်ဈေးဖြစ်သွားတယ်။ သုံးတင်းဝင်တစ်အိတ်ကို အရင်သီတင်းပတ်ထက် ကျပ် ၇၀၀၀-၈၀၀၀ လောက် ဈေးကျသွားတယ်။ ပဲစင်းငုံက ယခုပတ်မှာ တစ်အိတ် ကျပ် ၁၃၀,၀၀၀ ကနေ ၁၂၉,၀၀၀ လောက်ဈေးဖြစ်သွားတယ်။ ပဲတီစိမ်းရွှေဝါတွေကတော့ ဈေးကွက်ထဲမလာသေးပါဘူး။လက်ရှိမှာ လမ်းပဲတွေကတော့ တစ်အိတ် ကျပ် ၁၂၀,၀၀၀ ဝန်းကျင် ပေါက်ဈေးရှိနေပါတယ်။ မြေပဲဆံဈေးတွေကတော့ တစ်ပိဿာ ကျပ် ၅၀-၁၀၀ လောက် ဆက်လက်မြင့်တက်နေပါတယ်။ မြေပဲလုံးဆံတစ်ပိဿာ ကျပ် ၃၅၀၀ ထိပေါက်ပြီး ဈေးကောင်းနေပါတယ်။ ဒီအပတ်မှာ ထူးခြားတာက အသစ်စ ဝင်ရောက်စဉ်က မြေထောက်ပဲတစ်အိတ် ကျပ် ၁၅၇,၀၀၀-၁၅၈,၀၀၀ ရှိရာကနေ ဒီအပတ်မှာ အဝင်များလို့ တစ်အိတ်ကျပ် ၁၄၀,၀၀၀ လောက်သာပေါက်ဈေးရှိတော့ တစ်အိတ်ကျပ် ၁၇,၀၀၀ လောက်ဈေးကျဆင်းသွားတယ်။ အရင်က စိုက်ခင်းထဲ ခြောက်သွေ့အောင် ထားပြီးမှပို့တာ။ ဒီရက်ပိုင်းက အချိန်အခါမဟုတ် မိုးရွာသွန်းနိုင်တော့ ရိတ်သိမ်းပြီးသားတွေ အကုန်ပို့လိုက်တော့ အခုလို ဈေးကျဆင်းသွားတာပါ။ နှမ်းနက်လိုင်းကတော့ ဆက်လက်ဈေးကောင်းနေပါတယ်။ နှမ်းအဝင်ကလည်း ပစ္စည်းနည်းသွားတော့ ဈေးဆက်တက်နေတယ်။ အလတ်စနှမ်းနက်တွေတောင် တစ်အိတ်ကျပ် ၂၀၀,၀၀၀ အထက်ရှိလာပါတယ်။ ပဲမာလိုင်းက ပဲမျိုးစုံ လည်း အသစ်တွေဝင်လာပေမယ့် ဈေးကျဆင်းမှုမရှိ ဈေးကောင်းရတယ်။ ပဲသစ်ရာသီ ပဲစုံပေါ်လာချိန်ဆိုတော့ ကုန်စည်ဒိုင် အတွင်း အရောင်းအဝယ် ပြန်ကောင်းလာပါတယ်။ "

**ပဲစင်းငုံနှင့်မတ်ပဲ**

ဇန်နဝါရီလကုန်ပိုင်းရက်များတွင် ပြည်တွင်း ဒေါ်လာဈေးတည်ငြိမ်နေတာကြောင့် ပို့ကုန် ပဲစင်းငုံနှင့်မတ်ပဲပေါက်ဈေးမှာ ဈေးအနည်းငယ်ကျဆင်းသွားခဲ့ရာ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၄၀၀၀ ခန့်လျော့ကျခဲ့သည်။ ဇန်နဝါရီ ၂၇ ရက်က မတ်ပဲ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၁၂၆၀၀၀ ၊ ပဲစင်းငုံ ပိဿာ ၆၀ ဝင်တစ်အိတ် ကျပ် ၁၂၉,၀၀၀ပေါက်ဈေးရှိပြီး ဈေးကွက်အတွင်း

ပစ္စည်းဝင်ရောက်မှုအားလည်းကောင်းကာ အရောင်းအဝယ်လည်းကောင်းနေကြောင်း သိရသည်။

**နှမ်းနက် ၊ မြေပဲနှင့်မြေထောက်ပဲ**

နှမ်းနက်ထိပ်စများမှာ အပြောင်းအလဲမရှိ အဝယ်ကောင်းနေပြီး ဇန်နဝါရီလ ၂၇ရက်တွင် နှမ်းနက်ထိပ်စသုံးတင်းဝင် တစ်အိတ် ကျပ် ၂၂၀,၀၀၀ ဈေးရှိနေသည်။ အရည်အသွေးအလိုက် အဝယ်ရှိနေရာ သုံးတင်းဝင်တစ်အိတ် ကျပ် ၁၇၀,၀၀၀- ၁၉၀,၀၀၀- ၂၁၀,၀၀၀ ပေါက်ဈေးရှိပြီး နှမ်းနက်အလတ်စများ အရောင်းအဝယ်သွက်နေသည်။ နှမ်းဖြူသစ်ရိုးရိုးမှာ တစ်အိတ်လျှင် ကျပ် ၁၅၈,၀၀၀ ၊ နှမ်းညိုသစ်မှာ ကျပ် ၁၂၅,၀၀၀ အသီးသီး ပေါက်ဈေးမြင့်တက်လာသည်။

မြေပဲဆံများမှာ မြေပဲဆီဈေးမတက်သော်လည်း ဆီစက်ပိုင်များက ဝယ်လိုအားကောင်းနေသဖြင့် ဇန်နဝါရီလဆန်းထက် တစ်ပိဿာကျပ် ၂၅၀-၃၀၀ ခန့် ဈေးမြင့်တက်လာသည်။ မြေပဲလုံးဆံများမှာ တစ်ပိဿာ ကျပ် ၃,၃၀၀ ခန့် ပေါက်ဈေးဖြစ်လာသည်။ မြေပဲဆံဈေးများမှာမူ တစ်ပိဿာ ကျပ် ၅၀-၁၀၀ ခန့် ဆက်လက်မြင့်တက်ပြီး တစ်ပိဿာ ကျပ် ၃၅၀၀ ထိ ပေါက်ဈေးကောင်းနေသည်။ မြေထောက်ပဲများမှာ အသစ်စတင်ဝင်ရောက်စဉ် တစ်အိတ် ကျပ် ၁၅၇၀၀၀-၁၅၈၀၀၀ ရှိရာက ယခုသီတင်းပတ်တွင် အဝင်များကာ တစ်အိတ်ကျပ် ၁၄၀,၀၀၀ သို့ ကျဆင်းသွားသည်။

ပဲဈေးအတွင်းဝင်ရောက်လာသည့် ပို့ကုန်ပဲများ အနည်းငယ်ဈေးကျဆင်းသွားသော်လည်း အသစ်ဝင်ရောက်လာသည့် စွန်တာပြာမှာ တစ်အိတ် ကျပ် ၁၃၅,၀၀၀ ၊ ပဲဇီးကွက် တစ်အိတ် ကျပ် ၁၄၃,၀၀၀၊ နိုင်လွန်ပဲ-ပုဂံပဲ တစ်အိတ် ကျပ် ၁၄၅,၀၀၀၊ ဘိုကိတ်ပဲတစ်အိတ် ကျပ် ၁၅၅,၀၀၀၊ ပဲထောပတ် ရှယ်သစ် တစ်အိတ် ကျပ် ၁၇၀,၀၀၀ ၊ ကျွန်းစားတော်ပဲ တစ်အိတ်ကျပ် ၃၁၀,၀၀၀၊ ပြည်တွင်းသုံး ကုလားပဲဗွီတူး ကုလားပဲ တစ်အိတ် ၅၇.၂၅ ပိဿာ ကျပ် ၁၃၅,၀၀၀ ဖြင့် အမြင့်ဈေးရှိနေသည်။

**Source: မြန်မာတောင်သူကြီးများဂျာနယ်**

## နှစ်စဉ်အစီရင်ခံစာတင်ပြရန် ပျက်ကွက်ခဲ့သည့် ကုမ္ပဏီ ၄၀၀ ကို မှတ်ပုံတင်စာရင်းမှပယ်ဖျက်

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၉၇ အရ နှစ်စဉ်အစီရင်ခံစာ (Annual Return) တင်ပြရန် ပျက်ကွက်ခဲ့သည့် ကုမ္ပဏီ ၄၀၀ ကို ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနက ၂၀၂၂ ခုနှစ် ဇန်နဝါရီလအတွင်း ပယ်ဖျက်ခဲ့ကြောင်း အဆိုပါ ဦးစီးဌာန၏ အမိန့်ကြော်ငြာစာများအရသိရသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန သည် ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် ကုမ္ပဏီ ၁၀၀ ၊ ၇ ရက်နေ့တွင် ကုမ္ပဏီ ၁၀၀၊ ၁၇ ရက်နေ့တွင် ကုမ္ပဏီ ၁၀၀ နှင့် ၂၁ ရက်နေ့တွင် ကုမ္ပဏီ ၁၀၀ ကိုပယ်ဖျက်ခဲ့သည်။

ပယ်ဖျက်ခဲ့သည့်ကုမ္ပဏီများမှာ ဆောက်လုပ်ရေးလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများ၊ ကုန်သွယ်ရေးလုပ်ငန်းများ၊ ကျောက်မျက်ရတနာလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ၊ သတ္တုတူးဖော်ရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ စက်မှု လုပ်ငန်းများပါဝင်သည်။

မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေပုဒ်မ ၉၇ (က) အရ ကုမ္ပဏီအားလုံးသည် ဖွဲ့စည်းတည်ထောင်သည့်နေ့မှ နှစ်လအတွင်း နှစ်စဉ် အနည်းဆုံးတစ်ကြိမ် (သို့မဟုတ်) နှစ်ပတ်လည်ကာလ ကုန်ဆုံးပြီးနောက် တစ်လထက်နောက်မကျစေဘဲ ကုမ္ပဏီ၏ အသေးစိတ်ဖော်ပြချက်များပါရှိသော နှစ်စဉ်အစီရင်ခံစာကို သတ်မှတ်ပုံစံဖြင့် မှတ်ပုံတင်အရာရှိထံသို့တင်ပြရမည်ဖြစ်သည်။

ထိုသို့တင်ပြနိုင်ခြင်းမရှိပါက မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေပုဒ်မ ၄၃၀ (စ) အရ ကုမ္ပဏီ၏ အမည်စာရင်းကို မှတ်ပုံတင် ပယ်ဖျက်နိုင်ပြီး ကုမ္ပဏီကိုဖျက်သိမ်းရမည်ဖြစ်သည်။ ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်အတွင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနသည် ကုမ္ပဏီ ၁၀၀၀ ကျော်ကို မှတ်ပုံတင်ဖျက်သိမ်းခဲ့ပြီးဖြစ်သည်။

**Source:** http://sdtimedaily.com/

## ယခုနှစ်အတွင်း တရုတ်နိုင်ငံက ရေနံစိမ်းတင်သွင်းမှု မြင့်တက်နိုင်



https://www.myawady.net.mm/node/21409

ယခုနှစ်အတွင်း တရုတ်နိုင်ငံ၏ ရေနံစိမ်းတင်သွင်းမှုပမာဏ က ၆ ရာခိုင်နှုန်းမှ ၇ ရာခိုင်နှုန်းအထိ မြင့်တက်နိုင်ကြောင်း ဈေးကွက်ကျွမ်းကျင်သူတွေနဲ့ တာဝန်ရှိသူများက ပြောပါတယ်။ မနှစ်က တော့ ရေနံစိမ်းတင်သွင်းမှုပမာဏ ရှားရှားပါးပါးကျဆင်းခဲ့ ပေမယ့် ဒီနှစ်မှာတော့ ဝယ်လက်တွေအနေနဲ့ လိုအပ်ချက်ကို ဖြည့်တင်းနိုင်စေဖို့ ပိုမိုတိုးမြှင့်ဝယ်ယူလာနိုင်ဖွယ်ရှိတယ်လို့ ရေနံကုမ္ပဏီတာဝန်ရှိသူများက ဆိုပါတယ်။

ကမ္ဘာ့ရေနံစိမ်း ကုန်သွယ်မှုပမာဏရဲ့ ၁၀ ပုံ ၁ ပုံကိုသိမ်းပိုက်ထားတဲ့ တရုတ်နိုင်ငံရဲ့ဝယ်လိုအားမြင့်တက်မှုကြောင့် ကမ္ဘာ့ရေနံဈေးနှုန်းမှာလည်း မြင့်တက်လာနိုင်ပါတယ်။ လက်ရှိအချိန်မှာ ရေနံစိမ်းတစ်စည်ကို အမေရိကန်ဒေါ်လာ ၁၀၀ အထိ မြင့်တက်နိုင်တယ်လို့ ကျွမ်းကျင်သူတွေက ခန့်မှန်းထားပါတယ်။

ဘရန့်နဲ့ WTI တို့ရဲ့လတ်တလောရေနံစိမ်းပေါက်ဈေးက ခုနစ်နှစ်အတွင်းမှာ အမြင့်ဆုံးအထိရောက်ရှိနေပြီး ရေနံစိမ်းတစ်စည်ကို ဒေါ်လာ ၉၀ နားအထိ ကပ်လာပါပြီ။ ဒါပေမဲ့လည်း ဒီနှစ်ရဲ့ဒုတိယနှစ်ဝက်မတိုင်မီအထိတော့ ဝယ်လိုအားမြင့်တက်ဦးမှာ မဟုတ်ပါဘူး။ အကြောင်းရင်းက တရုတ်နိုင်ငံအနေနဲ့လက်ရှိအချိန်မှာ ကိုဗစ်-၁၉ ရောဂါကို တိုက်ဖျက်နေရပြီး အသေးစားရေနံချက်စက်ရုံတွေကလည်း ထုတ်လုပ်မှုကို အကန့်အသတ်နဲ့ ထုတ်လုပ်နေရတဲ့အတွက်ပါပဲ။

ပြီးခဲ့တဲ့နှစ်အတွင်း တရုတ်နိုင်ငံရဲ့ပျမ်းမျှ ရေနံစိမ်းတင်သွင်းမှုပမာဏက တစ်ရက်ကို စည်ပေါင်း ၅၉၀၀၀၀၀ အထိရှိခဲ့ကာ ဒီနှစ်မှာတော့ တစ်ရက်ကိုစည်ပေါင်း ၆ သိန်းကနေ ၇ သိန်းအထိ မြင့်တက်လာနိုင်တယ်လို့ စွမ်းအင်အရေး လေ့လာသူများက ပြောပါတယ်။

တရုတ်နိုင်ငံအနေနဲ့ ရေနံချက်လုပ်မှု ပမာဏက တစ်ရက်ကိုစည်ပေါင်း ၅ သိန်းအထိမြင့်တက်လာနိုင်ကြောင်းနဲ့ အထူးသဖြင့် ဒီနှစ်အတွင်းမှာပြန်လည်ပတ်လာမယ့် ရေနံချက်စက်ရုံတွေကြောင့်ဖြစ်တဲ့အပြင် သယ်ယူပို့ဆောင်ရေးနဲ့လေကြောင်းခရီးစဉ်တွေ ပြန်လည်ပြေးဆွဲမှုကနေ လောင်စာဆီလိုအပ်ချက် မြင့်တက်လာမှုကြောင့်ဖြစ်တယ်လို့ စွမ်းအင်သုတေသနကုမ္ပဏီတစ်ခုမှ လေ့လာသူတစ်ဦးကပြောပါတယ်။ သို့သော် တရုတ်နိုင်ငံရဲ့ ရေနံစိမ်းတင်သွင်းမှုပမာဏက ရုတ်တရက်ဆိုသလို မြင့်တက်သွားမှာမဟုတ်ဘဲ တဖြည်းဖြည်း သာမြင့်တက်လာမှာဖြစ်တယ်လို့ဆိုပါတယ်။ ဒါကြောင့် ယခုလအတွင်း ရေနံတင်သွင်းမှုပမာဏဟာ တစ်ရက်ကိုစည်ပေါင်း ၉ ဒသမ ၆၉ သန်း (တန်ပေါင်း ၄၁ ဒသမ ၁၃ သန်း)ရှိတယ်လို့ ဈေးကွက်စာရင်းဇယားတွေအရသိရပါတယ်။ နောက်တစ်ချက်က အရန်ရေနံဝယ်ယူစုဆောင်းမှုကြောင့် ရေနံစိမ်းတင်သွင်းမှု ပမာဏမြင့်တက်လာမယ့်အခြေအနေဖြစ်ပါတယ်။

အထူးသဖြင့် နိုင်ငံပိုင်ရေနံချက်ကုမ္ပဏီတွေဖြစ်တဲ့ ဆိုင်နိုပက်နဲ့ပက်ထရိုင်းချိုင်းနားတို့က ပြီးခဲ့တဲ့နှစ်အတွင်း လျော့ကျသွားတဲ့ အရန်ရေနံသိုလှောင်မှုကို ပြန်လည်ဖြည့်တင်းမှာဖြစ်ပါတယ်။ ကုန်းပေါ်ရေနံစိမ်းသိုလှောင်မှု ပမာဏအနေနဲ့ ပြီးခဲ့တဲ့နှစ်အတွင်းမှာ စည်ပေါင်းသန်း ၁၄၀ အထိ လျော့နည်းကျဆင်းသွားတာကိုတွေ့ရပါတယ်။ ဒါဟာ ၂၀၁၅ ခုနှစ်နောက်ပိုင်း အကြီးမားဆုံးလျော့နည်း ကျဆင်းမှုဖြစ်တယ်လို့ သုတေသနစာရင်းဇယားများအရ သိရပါတယ်။

ဒါကြောင့် တရုတ်နိုင်ငံဟာ အရန်ရေနံဖြည့်တင်းမှုကို ပြီးခဲ့တဲ့သီတင်းပတ်တွေကတည်းက စတင်လုပ်ဆောင်လာတာကို တွေ့ရပါတယ်။ အခုဆိုရင် နိုင်ငံတောင်ပိုင်းမှာရှိတဲ့ အရန်ရေနံကန်တွေထဲကို အီရန်နိုင်ငံဆီကဝယ်ယူထားတဲ့ ရေနံစိမ်းစည် ၄ သန်းကို ထည့်သွင်းထားပြီးပါပြီ။ ဒါ့အပြင် ဆိုင်နိုပက်ရဲ့ဝယ်ယူရေး ကုမ္ပဏီဖြစ်တဲ့ ယူနီပက်က ဒီလအတွင်းမှာ အမေရိကန်၊ ရုရှားနဲ့ အရှေ့အလယ်ပိုင်း တို့ဆီကနေ ရေနံစိမ်းစည် သန်းပေါင်းများစွာကို လိုက်လံဝယ်ယူနေကြောင်းနဲ့ ဒါဟာမကြုံစဖူးထူးခြားတဲ့ဝယ်လိုအား မြင့်တက်မှုဖြစ်ကြောင်း ကုန်သည်တွေက ပြောထားပါတယ်။

**Source: CNA**

https://www.myawady.net.mm/node/21409

## အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)က အမေရိကန်နိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်း မြင့်တက်မှုအပေါ် သတိပေးမှုကြောင့် တောင်အာဖရိကနိုင်ငံ၏ ဗဟိုဘဏ်သည် အတိုးနှုန်းမြင့်တက်လာနိုင်ခြေရှိခြင်း

ကမ္ဘာ့စီးပွားရေးအကြီးဆုံးဖြစ်သည့် အမေရိကန်နိုင်ငံ၏ ကုန်ဈေးနှုန်းကြီးမြင့်နေမှုကြောင့် လက်ရှိငွေကြေး မူဝါဒကို ပြန်လည်ပြင်ဆင်ရန် ဆောင်ရွက်နေမှုသည် တောင်အာဖရိကနိုင်ငံဗဟိုဘဏ်အား အတိုးနှုန်းထပ်မံမြှင့်တင်ရမည့် အခြေအနေသို့ တွန်းပို့နေကြောင်း၊ IMF က အမေရိကန်နိုင်ငံသည် ကိုဗစ်ဗီဇပြောင်း Omicorn ဖြစ်ပေါ်မှုကြောင့် ကုန်ထုတ်လုပ်မှု လျော့နည်းပြီး ကုန်ဈေးနှုန်းကြီးမြင့်နေ၍ အတိုးနှုန်းမြှင့်တင်မည့် အခြေအနေရှိကြောင်းကို ဖွံ့ဖြိုးဆဲနိုင်ငံများအား ထည့်သွင်းစဉ်းစားရန် ထောက်ပြခဲ့ကြောင်း၊ အမေရိကန်နိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်းသည် ဒီဇင်ဘာလမှစတင်၍ ၇ရာခိုင်နှုန်းအထိ မြင့်တက်နိုင်သည့် အခြေအနေဖြစ်ကြောင်း၊ ထိုသို့ဖြစ်ပေါ်မှုသည် နှစ် ၄၀တွင် အမြင့်ဆုံးဖြစ်နိုင်ကြောင်း၊ အဆိုပါဈေးကွက်အခြေအနေသည် အမေရိကန်ဗဟိုဘဏ်အား အတိုးနှုန်းမြှင့်တင်ရန်အချက်ဖြစ်စေကြောင်း သိရှိရပါသည်။

စီးပွားရေးပညာရှင်များကပြောကြားရာတွင် ကမ္ဘာ့စီးပွားရေးပြန်လည်ကောင်းမွန်လာနိုင်မှုသည် ငွေကြေးဖောင်းပွမှု ကြာရှည်စွာဖြစ်ပေါ်မှုမရှိသည့် အမေရိကန်စီးပွားရေးအပေါ် မူတည်နေကြောင်း၊ အမေရိကန်နိုင်ငံ၏ ငွေကြေးမူဝါဒတင်းကျပ်မှုသည် ဆင်းရဲသည့်နိုင်ငံများကိုအထိနာစေနိုင်ကြောင်း၊ အမေရိကန်ဗဟိုဘဏ်၏ အတိုးနှုန်း လျှင်လျှင်မြန်မြန် မြှင့်တင်ခြင်းသည် ငွေကြေးဈေးကွက်ကိုထိရောက်စေပြီး ကမ္ဘာ့ငွေကြေးအခြေအနေများကို အကျပ်ရိုက်စေနိုင်ကြောင်း၊ ယခင်နှစ်တွင် နိုင်ငံများစွာ၌ အမေရိကန် ဒေါ်လာချေးငှားမှုနှုန်းလျော့နည်းခဲ့သော်လည်း ပြည်တွင်းငွေကြေးဖောင်းပွမှုနှင့် နိုင်ငံခြားငွေရန်ပုံငွေ တည်ငြိမ်နိုင်ရန် လိုအပ်ခြင်းများကြောင့်တောင်အာဖရိကနိုင်ငံ၊ ဘရာဇီးလ်နိုင်ငံနှင့်ရုရှားနိုင်ငံများ အပါအဝင်ဖွံ့ဖြိုးဆဲနိုင်ငံများစွာတွင် အတိုးနှုန်းမြှင့်တင်မှုကိုစတင် ဆောင်ရွက်ခဲ့ရကြောင်း သိရှိရပါသည်။

တောင်အာဖရိကနိုင်ငံ ဗဟိုဘဏ်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် ပြန်လည်ဝယ်ယူသည့်နှုန်းကို ၂၅ မှတ်၊ ၃.၇၅ ရာခိုင်နှုန်းအထိ မတ်လမှစတင်လျှင် ပထမဆုံးအကြိမ်မြှင့်တင်ခဲ့ရကြောင်း၊ ထို့ကြောင့် ၂၀၂၂ ခုနှစ်တွင်လည်း အမေရိကန်နိုင်ငံ ဗဟိုဘဏ်၏ အတိုးနှုန်းမြင့်တက်မှုနှင့်အတူ ဈေးကွက်နှင့် ကိုက်ညီရန် ၂၅ မှတ်အထိ မြင့်တက်မှုအပေါ်တွင် အတက်အကျများစွာ ဖြစ်ပေါ်လျှက်ရှိကြောင်း၊ သို့သော်၂၀၂၂ ခုနှစ်အစသည် တောင်အာဖရိကနိုင်ငံ၏ စီးပွားရေးကောင်းမွန်သည့် အနေအထားတွင် ရှိနေသေးသည့်အတွက် အမေရိကန်နိုင်ငံ၏ အတိုးနှုန်းမြှင့်တင်မှုသည် ယန်းငွေကြေးကို များစွာထိခိုက်မှုမရှိနိုင်သေးကြောင်း သိရှိရပါသည်။

Source: https;//www.iol.co.za/business-report/economy/sa-reserve-bank-could-hike-the-repo-rate-as- imf-sounds-us-inflation-warning -a8727ff1-031d-4052-aado-7fa33988150e

**ကျော်ဆန်း (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ တောင်အာဖရိက)**

## ဂျပန်နိုင်ငံ၌ မတ်လတွင် နေအိမ်သုံးလျှပ်စစ်နှင့် ဓာတ်ငွေ့အသုံးပြုခနှုန်းထားများ မြင့်တက်လာမည်ဖြစ်

Tokyo Electric Power Company (TEPCO)၊ Chubu Electric Power Co နှင့် Kansai Electric Power Co (KEPCO) တို့အပါအဝင် ဂျပန်နိုင်ငံရှိ လျှပ်စစ်စွမ်းအင်ကုမ္ပဏီ ၁၀ ခုသည် အိမ်သုံးလျှပ်စစ်ဓာတ်အားခဈေးနှုန်းများကို လာမည့် ၂၀၂၂ ခုနှစ်၊ မတ်လမှစတင်၍ နှုန်းထားများတိုးမြှင့်မည်ဖြစ်ကြောင်း ကြေငြာခဲ့ပါသည်။

TEPCO အနေဖြင့် အိမ်ထောင်စုတစ်ခုအတွက် ပျမ်းမျှလျှပ်စစ်ဓာတ်အားခနှုန်း ၂၈၃ ယန်းကိုလည်းကောင်း၊ Chubu Electric Power အနေဖြင့် ၂၆၂ ယန်းကိုလည်းကောင်း၊ KEPCO အနေဖြင့် ၅၅ ယန်းကိုလည်းကောင်း အသီးသီးတိုးမြှင့်သွားမည်ဟု သိရပါသည်။

အပူစွမ်းအင်သုံးဓာတ်အားပေးစက်ရုံများတွင် အသုံးပြုသည့် သဘာဝဓာတ်ငွေ့ရည် (LNG) အပါအဝင် အခြားလောင်စာများတင်သွင်းရာတွင် ဈေးနှုန်းများမြင့်တက်လာခြင်းကြောင့် ယခုကဲ့သို့ လျှပ်စစ်ဓာတ်အားခဈေးနှုန်းများ တိုးမြှင့်ရခြင်းဖြစ်ကြောင်း Sankei Shimbun သတင်းစာတွင် ဖော်ပြထားပါသည်။ ထို့အပြင် လောင်စာဆီတင်သွင်းမှုဈေးနှုန်း အတက်အကျအရ အသုံးပြုရသည့် လောင်စာဆီအတွက် ကုန်ကျမှုစရိတ်အပေါ်မူတည်ကာချိန်ညှိပြီး ပြည်တွင်းလျှပ်စစ်ဓာတ်အားခ ဈေးနှုန်းများကို ကောက်ခံခြင်းဖြစ်ပါသည်။

ဂျပန်နိုင်ငံ၏ လောင်စာဆီအတွက်ကုန်ကျစရိတ် ချိန်ညှိမှုစနစ်အောက်တွင် စားသုံးသူအိမ်ထောင်စုများမှ ပေးဆောင်သော စရိတ်စကများသည် သက်ဆိုင်ရာဓာတ်အားပေးကုမ္ပဏီများမှ ကြိုတင်သတ်မှတ်ထားသည့် စံနှုန်းထက် ၁.၅ ဆသာရှိပါသည်။ လာမည့်မတ်လတွင် နှုန်းထားများတိုးမြင့်လိုက်မည်ဆိုပါက KEPCO နှင့် Chugoku Electric Power Co တို့၏ ဈေးနှုန်းများ ပြန်လည်ပြင်ဆင်မှုသည် ၎င်းသတ်မှတ်ချက်စံနှုန်းထက် ကျော်လွန်ရောက်ရှိသွားမည်ဖြစ်ပါသည်။

ဖေဖော်ဝါရီလအတွင်းတွင် အဆိုပါဈေးနှုန်းကန့်သတ်ချက်စံနှုန်းသို့ ရောက်ရှိမည်ဖြစ်ပြီး ယင်းဓာတ်အားပေးသည့်ကုမ္ပဏီ ၃ ခုအပြင် Hokuriku Electric Power Co ကိုပါ ဈေးနှုန်းတိုးမြှင့်မည့် ကုမ္ပဏီများစာရင်းတွင်ထည့်သွင်းပြီး စီးပွားရေး၊ ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန (METI) သို့ ဓာတ်အားခနှုန်း တိုးမြှင့်ကောက်ခံမည်ဖြစ်ကြောင်း တင်ပြလျှောက်ထားမည်ဟု သိရပါသည်။

ထို့အပြင် Tokyo Gas Co. အပါအဝင် ဓာတ်ငွေ့ကုမ္ပဏီ ၄ ခုသည် မတ်လမှစတင်ကာ အိမ်ထောင်စုများအပေါ် ၎င်းတို့၏ ဓာတ်ငွေ့အသုံးပြုခနှုန်းထားကို ၁၆၈ ယန်းမှ ၂၉၉ ယန်းသို့ တိုးမြှင့်ကောက်ခံသွားမည်ဖြစ်ကြောင်းသိရပါသည်။

**Source:** https://japantoday.com/category/business/

**နန္ဒာဝင်း (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်)**

## နွေဦးရာသီပွဲတော်နီးကပ်လာပြီဖြစ်သဖြင့် တရုတ်နိုင်ငံအထည်အလိပ်ဈေးကွက်ပတ်ဝန်းကျင် အားပျော့နေသော်လည်း ဝါဈေးကွက် အမြင့်ပိုင်း၌ အတက်အကျဆက်လက်ဖြစ်ပေါ်နေ

ဇန်နဝါရီလ (၂၁)ရက်နေ့တွင် 3128B lint cotton ၏ဈေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၂၂,၇၀၆)ရှိပြီး၊ ပြီးခဲ့သည့် ရက်သတ္တပတ်ကထက် (၂၃၇)ယွမ် မြင့်တက်လာကာ၊ ပြီးခဲ့သည့်လကထက် (၃.၀၁) ရာခိုင်နှုန်း မြင့်တက်လာပါသည်။

Zhengzhou ဝါဈေးကွက်မှာ ဆက်လက်မြင့်တက်နေပြီး၊ လက်ငင်းအဝယ်ဈေးနှုန်းက မြင့်တက်နေခြင်းဖြစ်ပါသည်။ ဇန်နဝါရီလ (၂၁)ရက်နေ့တွင် 3128B ပြည်တွင်းဝါဈေး နှုန်းအညွှန်းကိန်း၏ ပျမ်းမျှဈေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၂၂,၆၅၄) ဖြစ်ကာ၊ ပြီးခဲ့သည့် ရက်သတ္တပတ်ကထက် (၁၉၄) ယွမ် မြင့်တက်ခဲ့ခြင်းဖြစ်ပါသည်။ ၎င်းနေ့၌ Zhengzhou ရှိ အဓိကဝါစာချုပ် ပေးချေသည့်ဈေးနှုန်းမှာ တစ်တန်လျှင် ယွမ်ငွေ (၂၁,၆၇၀) ဖြစ်ပြီး၊ ပြီးခဲ့သည့် ရက်သတ္တပတ်ကထက် ယွမ် (၄၀၀) မြင့်တက်ခဲ့ပါသည်။

ယခုအခါ တရုတ်နိုင်ငံတွင် နွေဦးရာသီပွဲတော်အားလပ်ရက်ရှည် အလွန်နီးကပ်လာပြီဖြစ်သဖြင့် ချည်ခင်ကုန်ချော ထုတ်လုပ်သည့် လက်ငင်းအဝယ်ဈေးကွက်မှာ အားပျော့နေပြီး၊ အထည်ရက်လုပ်သည့်စက်ရုံများမှာလည်း တစ်ရုံပြီးတစ်ရုံ အားလပ်ရက်ရှည်အတွက် အလုပ်ပိတ်နေသဖြင့် ချည်ခင်များရက်လုပ်နိုင်သည့်နှုန်းမှာ တဖြည်းဖြည်းကျဆင်းနေပါ သည်။

နိုင်ငံတကာတွင် အိန္ဒိယချည်အသင်း၏ ဒီဇင်ဘာလရှိ စာရင်းများအရ ၂၀၂၁-၂၂ ခုနှစ် ရောင်းလိုအားဘက်၌ ယခင်နှစ်ကထက် (၄၀) ရာခိုင်နှုန်း ကျဆင်းနိုင်ပြီး၊ ထုတ်လုပ်မှုပိုင်း၌ (၁.၄) ရာခိုင်နှုန်းခန့် ကျဆင်းနိုင်မည်ဟု ခန့်မှန်းထားပါသည်။ အမေရိကန်ဝါဈေးကွက်ဘက် တွင် ICE ဝါ ကြိုရောင်းကြိုဝယ်ဈေးနှုန်းမှာ ယခင်ရက်သတ္တပတ်ကထက် (၁၂၀)ဆင့် မြင့်တက်လာခဲ့ပြီး၊ ဇန်နဝါရီလ (၂၀)ရက်နေ့တွင် ချုပ်ဆိုခဲ့သည့် မတ်လအရောင်းစာချုပ်၌ (၁၂၂.၈၇)ဆင့်နှင့် မေလအရောင်းစာချုပ်၌ (၁၁၉.၆၇)ဆင့် အသီးသီးဖြစ်ပေါ်ခဲ့ပါသည်။ ဇန်နဝါရီလ (၂၁)ရက်နေ့ရှိ အပြည်ပြည်ဆိုင်ရာဝါအညွှန်းကိန်းမှာ တစ်ပေါင်လျှင် (၁၃၉.၁၅)ဆင့် ဖြစ်ပြီး၊ ယခင်ရက်သတ္တပတ်ကထက် (၆.၀၁) ဆင့် မြင့်တက်လာခဲ့ပါသည်။ ၎င်းအညွှန်းကိန်းမှာ တရုတ်နိုင်ငံ၏ အဓိကဆိပ်ကမ်းမှ CIF ဈေးနှုန်းဖြင့် တင်သွင်းလာသည့် ဝါပျမ်းမျှဈေးနှုန်းကို ကိုယ်စားပြုပါသည်။

ခြုံငုံ၍ သုံးသပ်ရလျှင် ကုန်ချောထုတ်လုပ်သည့်ဘက်မှ ဝယ်လိုအားနည်းနေသော်လည်း ဝါဈေးကွက်အားကောင်းနေသောကြောင့် ဝါချည်ခင်ဈေးနှုန်းမှာ အမြင့်ပိုင်း၌ ဆက်လက်တည်ရှိနေခြင်းဖြစ်ပါသည်။ နွေဦးရာသီပွဲတော်ပြီးလျှင် ဝါချည်ခင် ဈေးနှုန်းမြင့်တက်မှုကြောင့် အထည်ရက်လုပ်သည့် စက်ရုံများဘက်မှလည်း ဈေးနှုန်းမြင့်တက်လာနိုင်မည်ဟု သုံးသပ်ရရှိပါသည်။

**Source:** Sun Sirs(၂၄-၁-၂၀၂၂)

**ဒေါက်တာရွှေစင်ကို (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ တရုတ်-နန်နင်း)**

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 1st Feb. 2022

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,100 | +100 | +1.25% | 8,000 | 8,100 | 8,000 | 1,996 | 15,971,000 | 33,109,694 | 268,189 |
| MTSH | 00002 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 4,275 | 12,825,000 | 38,929,150 | 116,787 |
| MCB | 00003 | 7,800 | -200 | -2.50% | 7,800 | 7,800 | 7,800 | 1 | 7,800 | 10,400,986 | 81,128 |
| FPB | 00004 | 19,500 | +0 | +0.00% | 19,500 | 19,500 | 19,500 | 0 | 0 | 2,472,053 | 48,205 |
| TMH | 00005 | 2,600 | -50 | -1.89% | 2,650 | 2,650 | 2,600 | 99 | 258,850 | 12,823,224 | 33,340 |
| EFR | 00006 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 0 | 0 | 19,977,223 | 56,935 |
| AMATA | 00007 | 5,400 | +0 | +0.00% | 5,400 | 5,400 | 5,400 | 0 | 0 | 10,497,598 | 56,687 |


## Market summary

As of 1st Feb. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 380.12 | +0.33 | +0.09% | 378.59 | 380.49 | 378.59 | 6,371 | 29,062,650 | 7 | 661,271 |

### Index chart




# Market Overview

## Main Board

As of 1:00 pm, 1st Feb. 2022

| MYANPIX | 380.12 ▲ 0.33 |
|---|---|
| Total Volume (shares) | 6,371 |
| Total Value (MMK) | 29 mil |
| Listed Company | 7 |
| Market Cap. (MMK) | 661,271 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,100 | ▲ 100 |
| MTSH | 00002 | 3,000 | ▲ 0 |
| MCB | 00003 | 7,800 | ▼ 200 |
| FPB | 00004 | 19,500 | ▲ 0 |
| TMH | 00005 | 2,600 | ▼ 50 |
| EFR | 00006 | 2,850 | ▲ 0 |
| AMATA | 00007 | 5,400 | ▲ 0 |